ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၂) အမှတ် (၄) ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ နိုင်ငံရေး ထိခိုက် ပြောဆိုခြင်းအပေါ် ဥပဒေကြောင်းအရ တားမြစ် အရေးယူ ဆောင်ရွက်နိုင်ရေး ကော်မတီဖွဲ့စည်းခြင်း။ | ၂-၃ |
| ၂။ | Uniqlo က Shein အား ပုခုံးလွယ်အိတ် ဒီဇိုင်းတုပ ရောင်းချသဖြင့် တရားစွဲဆိုခြင်း။ | ၄-၅ |
| ၃။ | ကွန်ပျူတာဆိုင်ရာ သက်သေခံအထောက်အထားများနှင့် စပ်လျဉ်း၍ မှားယွင်းခြင်းထပ်မံမဖြစ်ပေါ်စေရေးအတွက်ဥပဒေကိုခေတ်နှင့်အညီ ပြင်ဆင်ရန် ယူကေနိုင်ငံဝန်ကြီးများက တောင်းဆိုခြင်း။ | ၆-၉ |
| ၄။ | ဆိုက်ဘာမှုခင်းကျူးလွန်သည့်တရုတ်ရာဇဝတ်ဂိုဏ်းများကို ဖမ်းဆီးပြီး တရုတ်အစိုးရထံ တရားခံလွှဲပြောင်းပေးခြင်း။ | ၁၀-၁၂ |
| ၅။ | ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice-GRP) နှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၁၃-၁၅ |
| ၆။ | ဒစ်ဂျစ်တယ်ကြော်ငြာနည်းပညာများကို လွှမ်းမိုးချုပ်ကိုင်ခြင်းအတွက် Google ကို တရားစွဲဆိုခြင်း | ၁၆-၁၇ |

## အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ နိုင်ငံရေးထိခိုက်ပြောဆိုခြင်းအပေါ် ဥပဒေကြောင်းအရ တားမြစ်အရေးယူဆောင်ရွက်နိုင်ရေး ကော်မတီဖွဲ့စည်းခြင်း

အင်တာနက်ပေါ်တွင် သတင်းတု၊သတင်းမှားများတင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်ကိုက်ညီမှုမရှိသည့်မဖွယ်မရာပုံများ၊ ဗီဒီယိုများနှင့် လိင်အသားပေးကိစ္စရပ်များတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းများကို ဥပဒေကြောင်းအရ တားမြစ်အရေးယူဆောင်ရွက်နိုင်ရေး၊ ဖော်ထုတ်အရေးယူနိုင်ရေးတို့အတွက်ဖွဲ့စည်းကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၁၅-၁၂-၂၀၂၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၄၆/၂၀၂၃ ကို ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါ ကော်မတီတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး (၁) နှင့် တွဲဖက်အတွင်းရေးမှူး (၂) အပါအဝင် ၁၀ ဦးဖြင့် ဖွဲ့စည်းထားပါသည်။

အဆိုပါ ကော်မတီသည် အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်ကိုက်ညီမှုမရှိသည့် မဖွယ်မရာပုံများ၊ ဗီဒီယိုများနှင့် လိင်အသားပေးကိစ္စရပ်များတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်း စသည့် ဆောင်ရွက်မှုဖြစ်စဉ်များကို နည်းပညာကျွမ်းကျင်သည့် ပညာရှင်များ ပါဝင်သော အဖွဲ့ဖွဲ့စည်းပြီး ၂၄ နာရီစောင့်ကြည့်ခြင်း၊ နည်းပညာအရ ရှာဖွေဖော်ထုတ်ပြီး တားမြစ်ခြင်း၊ ကျူးလွန်သူများအား တည်ဆဲဥပဒေများနှင့်အညီ ထိထိရောက်ရောက် အရေးယူနိုင်ရေး ဆောင်ရွက်ခြင်း၊ ကျူးလွန်သူများ အသုံးပြုလျက်ရှိသော တယ်လီဖုန်းနံပါတ်များ ပိတ်သိမ်းနိုင်ရေး၊ ငွေရေးကြေးရေးကိစ္စရပ်များအတွက် ၎င်းတို့အသုံးပြုလျက်ရှိသောဘဏ်အကောင့်များ၏အချက်အလက်များ၊ ငွေသွင်း၊ငွေထုတ်မှတ်တမ်းများရယူခြင်းနှင့် ဘဏ်အကောင့်များ ယာယီတားဆီးခြင်းပြုလုပ်နိုင်ရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံတော်ဗဟိုဘဏ်အပါအဝင်သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက တားမြစ်ပေးနိုင်ရေးအတွက် ကန့်ကွက်စာ၊အကြောင်းကြားစာများပေးပို့ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူနိုင်ရေး အကြောင်းကြားခြင်း၊ ပြည်သူလူထု

အသိပညာပေးရေးလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်း၊ လိုအပ်သည့်အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများထုတ်ပြန်ဆောင်ရွက်ခြင်းနှင့်လုပ်ငန်းကော်မတီများ၊အဖွဲ့များ ဖွဲ့စည်းခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်း၊ အပိုင်း ၁ (၁၂-၁-၂၀၂၄)

**Uniqlo က Shein အား ပုခုံးလွယ်အိတ် ဒီဇိုင်းတုပ ရောင်းချသဖြင့် တရားစွဲဆိုခြင်း**

ဂျပန်နိုင်ငံမှ အမှတ်တံဆိပ် Uniqlo ၏လူကြိုက်များသည့် ပုခုံးလွယ်အိတ်ဒီဇိုင်းကို တရုတ်ကုမ္ပဏီ Shein မှ တုပထားကြောင်းနှင့် ယင်းအိတ်များ ရောင်းချမှုရပ်ဆိုင်းပြီး နစ်နာကြေး ဂျပန်ယန်းသန်းပေါင်း ၁၆၀( အမေရိကန်ဒေါ်လာ ၁.၁ သန်း) ပေးဆောင်ရန် Uniqlo ဆိုင်များကို စီမံခန့်ခွဲနေသော တိုကျိုအခြေစိုက် Fast Retailing Co., က Shein အား စီမံခန့်ခွဲနေသော Roadget Business Pte၊ Fashion Choice Pte နှင့် Shein Japan Co., ကုမ္ပဏီသုံးခုကို ၂၈-၁၂-၂၀၂၃ ရက်နေ့တွင် တိုကျိုခရိုင်တရားရုံး၌ တရားစွဲဆိုခဲ့ပါသည်။

တရားစွဲဆိုခြင်းခံရသော Shein က ရောင်းချနေသော ပစ္စည်းသည် Uniqlo ၏ Round Mini Shoulder Bag ကို အသေးစိတ် တုပထားကြောင်း၊ အရည်အသွေးနိမ့်၍ Uniqlo အမှတ်တံဆိပ် သုံးစွဲသူများကို လျော့နည်းစေကြောင်း၊ မိမိတို့၏အသိဉာဏ်ပညာဆိုင်ရာမူပိုင်ခွင့်ကို ချိုးဖောက်သည့် လုပ်ရပ်မှန်သမျှအပေါ် ပြတ်ပြတ်သားသား လုပ်ဆောင်သွားမည်ဟု Uniqlo ၏တာဝန်ရှိသူတစ်ဦးက ပြောဆိုပါသည်။

Shein သည် ဆိုင်ဖြင့်မဟုတ်ဘဲ အွန်လိုင်းမှ နိုင်ငံပေါင်း ၁၅၀ ကျော်တွင် အဝတ်အထည်များကိုရောင်းချနေကြောင်း၊ ၎င်းတို့၏ဈေးသက်သာသောထုတ်ကုန်များသည် တရုတ်နိုင်ငံ၏ အသေးစားနဲ့ အလတ်စားအဝတ်အထည်စက်ရုံများတွင်ပြုလုပ်ပြီး အမေရိကန်ပြည်ထောင်စုနှင့်အခြားနိုင်ငံများတွင် အမျိုးသမီးငယ်များအကြား လူကြိုက်များကြောင်း၊ အခြားကုမ္ပဏီများ၏ အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်ကို အလေးထားကြောင်းနှင့် ယင်းအခွင့်အရေးကို ချိုးဖောက်နေသည်ဟု ပြောဆိုမှုမှန်သမျှအပေါ်အလေးထားကိုင်တွယ်နေကြောင်း Shein ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ပါသည်။

အမှုမှ အချင်းဖြစ်သည့် ပုခုံးလွယ်အိတ်သည် ၂၀၂၂ ခုနှစ်မှစ၍ Tik Tok တွင် စတင်ပြန့်နှံ့လာပြီး ၂၀၂၃ ခုနှစ်တွင် ရေပန်းစားခဲ့သောပစ္စည်းဖြစ်ပါသည်။

တရားစွဲဆိုခြင်းခံရသော Shein သည် တရုတ်နိုင်ငံ Nanjing မှဖြစ်ပြီး ယခုအခါ စင်ကာပူနိုင်ငံတွင်အခြေစိုက်၍ e-Commerce ဖြင့်ဖက်ရှင်ပစ္စည်းများ တွင်ကျယ်စွာရောင်းချလျက်ရှိပါသည်။ ၎င်းသည် လွန်ခဲ့သောနှစ်ကလည်း အမေရိကန်ပြည်ထောင်စုတွင် Graphicဒီဇိုင်နာသုံးဦးက ၎င်းတို့၏ဒီဇိုင်းများကို Shein က ခိုးယူသည်ဆို၍ အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်ကို ချိုးဖောက်မှုဖြင့် တရားစွဲဆိုခြင်းခံခဲ့ရပါသည်။ ထို့ပြင် ၂၀၂၃ ခုနှစ်ဒီဇင်ဘာလအတွင်းက Shein ၏ ပြိုင်ဘက် တရုတ်လူမျိုးပိုင် e-commerce site ဖြစ်သော Temu နှင့်အပြန်အလှန် တရားစွဲဆိုမှုများရှိခဲ့ကြောင်း သိရသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကား [https://www3.nhk.or.jp/nhkworld/my/news/451109/](https://www3.nhk.or.jp/nhkworld/my/news/451109/)
[https://edition.cnn.com/2024/01/17/business/japan-uniqlo-shein-](https://edition.cnn.com/2024/01/17/business/japan-uniqlo-shein-)

## ကွန်ပျူတာဆိုင်ရာသက်သေခံအထောက်အထားများနှင့်စပ်လျဉ်း၍ မှားယွင်းခြင်း ထပ်မံမဖြစ်ပေါ်စေရေးအတွက် ဥပဒေကိုခေတ်နှင့်အညီပြင်ဆင်ရန် ယူကေနိုင်ငံဝန်ကြီးများက တောင်းဆိုခြင်း

ယူကေနိုင်ငံ၌ ဇန်နဝါရီ ၁ ရက်နေ့တွင် ကွန်ပျူတာဆိုင်ရာ သက်သေခံအထောက်အထားများနှင့် စပ်လျဉ်း၍ ဥပဒေပြင်ဆင်ရန် အင်္ဂလန်ဝန်ကြီးများက တောင်းဆိုခဲ့ကြပါသည်။

ယူကေနိုင်ငံတစ်ဝှမ်းရှိ လူထောင်ပေါင်းများစွာကို အလုပ်ခန့်ထားသော အစိုးရပိုင်ဖြစ်သည့် စာတိုက်ရုံးက အသုံးပြုသည့် Horizon ဟုခေါ်သော ကွန်ပျူတာဆော့ဖ်ဝဲ၏ အမှားကြောင့် ဝန်ထမ်း ၂၃၀ ခန့်သည် ခိုးမှု၊ လိမ်လည်မှုနှင့် အတုအယောင်စာရင်းကိုင်မှုတို့ဖြင့် ထောင်ဒဏ်ကျခံခဲ့ရသည်။

ဖြစ်ပွားပုံမှာ စာတိုက်ရုံးသည် တရားစွဲခြင်းဆိုင်ရာ အခွင့်အာဏာရှိပြီး ၁၉၉၉ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း Horizon ဟုခေါ်သော ကွန်ပျူတာ စာရင်းအင်းစနစ်မှ အချက်အလက်များကို အခြေခံ၍ စာပို့သူ ၇၀၀ ကို တရားစွဲဆိုခဲ့သည်။ Horizon ကို ၁၉၉၉ ခုနှစ်တွင် စာတိုက်ရုံးမှ မိတ်ဆက်ခဲ့ပါသည်။ အဆိုပါစနစ်ကို ဂျပန်ကုမ္ပဏီ Fujitsu မှ တီထွင်ခဲ့ခြင်းဖြစ်ပြီး စာရင်းကိုင်ခြင်းနှင့် စတော့တင်ခြင်းကဲ့သို့သော လုပ်ငန်းဆောင်တာများအတွက် ဖြစ်သည်။

(၁၀-၁-၂၀၂၄) ရက်နေ့တွင် ဝန်ကြီးချုပ် Rishi Sunak က စာတိုက်ရုံးအမှုသည် "ကျွန်ုပ်တို့နိုင်ငံ၏သမိုင်းတွင် အကြီးမားဆုံး တရားမျှတမှုပျက်ယွင်းမှုများထဲမှ တစ်ခု"ဟု ပြောဆိုခဲ့ပြီး အဆိုပါကိစ္စကြောင့် ရာဇဝတ်မှုကျူးလွန်ခံရသူ အားလုံးကို "လျင်မြန်စွာ လွတ်ငြိမ်း သက်သာခွင့်ရရှိစေရန် အစိုးရကဥပဒေအသစ် ပြဋ္ဌာန်းပေးမည်၊ လျော်ကြေးပေးမည် " ဟု ကြေညာခဲ့သည်။

စကော့တလန်၏ Lord Advocateဖြစ်သည့် Dorothy Bain က စာတိုက်ဝန်ထမ်းများအပေါ် ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးစနစ် မအောင်မြင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

စာတိုက်ရုံး နှင့် နည်းပညာကုမ္ပဏီ Fujitsu အကြီးအကဲများသည် ယူကေနိုင်ငံသမိုင်းတွင် အကြီးမားဆုံး တရားမျှတမှုဆိုင်ရာ မအောင်မြင်ခြင်းဟု သတ်မှတ်ခံထားရသည့်ကိစ္စအဖြစ် ပါလီမန်အမတ်များက မေးခွန်းထုတ်ခဲ့ကြသည်။

ဥပဒေပညာရှင်များက ကွန်ပျူတာများသည်ချို့ယွင်းချက်ဖြစ်နိုင်ကြောင်း သို့မဟုတ် Horizon အရှုပ်တော်ပုံ ထပ်မံဖြစ်ပွားနိုင်ချေရှိကြောင်း အသိအမှတ်ပြုရန် ဥပဒေကို ခေတ်နှင့်အညီ ချက်ချင်းပြင်ဆင်ရန် လိုအပ်သည်ဟု ဆိုပါသည်။

၁၉၈၄ ခုနှစ်ပါလီမန်အက်ဥပဒေအရ ကွန်ပျူတာကိုအသုံးပြုရာတွင် ကောင်းမွန်စွာ လည်ပတ်အသုံးပြုနေကြောင်း ပြသနိုင်မှသာ ကွန်ပျူတာအထောက်အထားများကို လက်ခံနိုင်ကြောင်း ပြဋ္ဌာန်းခဲ့သည်။ သို့သော် Horizon စနစ်၏ပထမဆုံး စစ်ဆေးမှုများမစတင်မီ လအနည်းငယ် အလိုတွင် အဆိုပါ အက်ဥပဒေကို ၁၉၉၉ ခုနှစ်တွင် ရုပ်သိမ်းခဲ့ပါသည်။

အင်္ဂလိပ်နှင့် Welsh ဥပဒေတွင်၊ ကွန်ပျူတာများသည် အခြားနည်းဖြင့် သက်သေမပြပါက “ယုံကြည်စိတ်ချရသည်”ဟု ယူဆကြပါသည်။ သို့သော် ဤအဆိုကို ဝေဖန်သူများကမူ ယင်းသည် ရာဇဝတ်မှုများတွင် သာမာန်အားဖြင့် သက်သေပြရန် တာဝန်ကို ပြောင်းလဲသည်ဟု ဆိုကြသည်။

တရားဝင် AI ပလပ်ဖောင်း Zuva ၏ ပူးတွဲတည်ထောင်သူနှင့် CEO ဖြစ်သူ Noah Waisberg က AI စနစ်များထွန်းကားလာခြင်းကြောင့် ဥပဒေကို ပြန်လည်ဆန်းစစ်ရန် ပိုမိုဖိအားပေးလာကြောင်း ပြောကြားခဲ့ပြီး အစဉ်အလာစည်းမျဉ်းအခြေခံစနစ်ဖြင့် ကွန်ပျူတာသည် ညွှန်ကြားထားသည့်အတိုင်း လုပ်ဆောင်မည်ဟု ယေဘုယျအားဖြင့် မျှတစွာယူဆကြောင်း၊ အမှားအယွင်းမရှိသော မည်သည့် ကွန်ပျူတာပရိုဂရမ်ကိုမဆို အမှားအယွင်းမရှိဟု ယူဆရန် အန္တရာယ်ရှိမည်မှာ သေချာကြောင်းနှင့် ရာဇဝတ်မှုဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းကို ထောက်ခံရန် ၎င်းတို့သည် ယုံကြည်ရလောက်သည် ဟု ပြောရန်ခက်ခဲလိမ့်မည်ဟု ပြောကြားခဲ့ပါသည်။

စာတိုက်ရုံးအမှုကို တရားရုံးချုပ်က စီရင်ချက်ချပြီးနောက် ၂၀၂၀ ခုနှစ်တွင် ဥပဒေအသစ် ပြင်ဆင်ရန် အစိုးရကအီလက်ထရွန်းနစ်အထောက်အထားဆိုင်ရာ ရှေ့နေနှင့် ကျွမ်းကျင်သူဖြစ်သူ Stephen Mason နှင့်အတူ အခြားဥပဒေရေးရာနှင့် ကွန်ပျူတာကျွမ်းကျင်သူ ရှစ်ဦး တို့အား ဖိတ်ကြားခဲ့သော်လည်း ၎င်းတို့တင်ပြခဲ့သည့် အကြံပြုချက်များသည် သက်ရောက်မှုမရှိခဲ့ပါ။ နိုင်ငံတကာတွင် အင်္ဂလိပ်ရိုးရာဥပဒေ၏လွှမ်းမိုးမှုသည် ယုံကြည်စိတ်ချရမှုရှိသည်ဟု ကျယ်ပြန့်စွာ ယူဆခဲ့သော်လည်း Mason ကိုးကားသည့် နယူးဇီလန်၊ စင်္ကာပူနှင့် အမေရိကန်နိုင်ငံတို့မှ ဖြစ်ရပ်များ ကို ဆန့်ကျင်ဘက်ဖြစ်သွားသည့်ထင်ရှားသောကိစ္စတစ်ခုသာ ဖြစ်ခဲ့ပါသည်။

တရားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက “စာတိုက်ရုံး Horizon က စုံစမ်း စစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း၊ စုံစမ်းမှုအပြီးတွင် တရားလိုပြသက်သေများ အပါအဝင် တွေ့ရှိချက်များကို သုံးသပ်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ထို့ပြင် စုံစမ်းစစ်ဆေးမှု၏ရလဒ်ကို ဆိုင်းငံ့ထားပြီး ရာဇဝတ်မှုကျင့်ထုံးဆိုင်ရာ စည်းမျဉ်းများ ကော်မတီသည် ကွန်ပျူတာအထောက်အထားများ၏ ယုံကြည်စိတ်ချရမှုနှင့်စပ်လျဉ်းသည့် လက်ရှိ ကျင့်သုံးမှုများနှင့် ဖြစ်နိုင်ခြေရှိသောပြဿနာများကို အင်္ဂလန်နိုင်ငံနှင့် Welsh နိုင်ငံတို့၏ အခြား တရားစီရင်ပိုင်ခွင့်များ၌ စီရင်ထုံးဥပဒေ နှင့် အတွေ့အကြုံများကိုရေးဆွဲရာတွင် ထည့်သွင်းစဉ်းစား မည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Sources

https://www.theguardian.com/uk-news/2024/jan/12/update-law-on-computer-evidence-to-avoid-horizon-repeat-ministers-urged

https://www.bbc.com/news/business-56718036

https://www.theguardian.com/uk-news/2024/jan/09/former-post-office-boss-paula-vennells-to-return-cbe-amid-horizon-scandal

https://www.bbc.com/news/uk-scotland-scotland-politics-67994116?at_campaign=KARANGA&at_medium=RSS

https://www.cnbc.com/2024/01/11/post-office-scandal-tv-show-shows-widest-uk-miscarriage-of-justice.html (PUBLISHED THU, JAN 11 20241:19 AM)

## ဆိုက်ဘာမှုခင်းကျူးလွန်သည့် တရုတ်ရာဇဝတ်ဂိုဏ်းများကို ဖမ်းဆီးပြီး တရုတ်အစိုးရထံ တရားခံလွှဲပြောင်းပေးခြင်း

ယနေ့ခေတ်တွင် ဆိုက်ဘာမှုခင်းအန္တရာယ်သည် လူသားများအတွက် တစ်နေ့တစ်ခြား ကြီးထွားလာသောပြဿနာဖြစ်ပြီး နိုင်ငံတွင်းတရားဥပဒေစိုးမိုးရေးဆောင်ရွက်ရာတွင် ကြီးမားသော စိန်ခေါ်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်စဉ်ဆိုက်ဘာ မှုခင်းများကြောင့် နစ်နာသူ ရာခိုင်နှုန်းမှာ မြင့်တက်လာနေပြီး ယင်းသို့ကျူးလွန်ခံရခြင်းအတွက် နစ်နာသူများသည် ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာခြင်း ၊ငွေကြေးဆုံးရှုံးနစ်နာခြင်း၊ သတင်းနှင့်အချက်အလက်ပေါက်ကြားခြင်း၊ လိင်ပိုင်း ဆိုင်ရာအမြတ်ထုတ်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာပျက်စီးခြင်းစသည့် နစ်နာဆုံးရှုံးမှုများရှိနေပြီး အဆိုးဝါး ဆုံးမှာ အွန်လိုင်းမှတစ်ဆင့် သိရှိသူများနှင့်လက်တွေ့ဘဝတွင် တွေ့ဆုံရာမှ အသက်အန္တရာယ်ပင် ထိခိုက်ဆုံးရှုံးသည်ထိ ဖြစ်ပေါ်နိုင်ကြောင်း သိရှိရပါသည်။

အင်္ဂလန်နိုင်ငံအစိုးရ၏ အစီရင်ခံစာများအရ ဆိုက်ဘာမှုခင်းများတွင် နစ်နာသူများသည် ကျူးလွန်ခံရပြီးနောက် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသို့ သတင်းပေးပို့ရန် နှောင့်နှေးလေ့ ရှိကြပြီး ယင်းသို့ဖြစ်ပွားရခြင်းမှာ ဆိုက်ဘာမှုခင်းနှင့်စပ်လျဉ်းသည့် အသိပညာနည်းပါးခြင်းအပါ အဝင် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက ယင်းဆိုက်ဘာမှုခင်းများကို ကိုင်တွယ်ဖြေရှင်းရန် အဆင်သင့်မရှိဟု ယူဆခြင်းကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။ ယင်းတွေ့ရှိချက်ကိုပြုပြင်ပြောင်းလဲရန် အားထုတ်ကြိုးပမ်းရာတွင် ဆိုက်ဘာမှုခင်းစုံစမ်းစစ်ဆေးသူရဲအရာရှိများ၏ နည်းပညာကျွမ်းကျင်မှု၊ အမှုမှ ဒစ်ဂျစ်တယ်သက်သေခံပစ္စည်းများကို စနစ်တကျသိမ်းဆည်းနိုင်မှုတို့မှာ အရေးပါပါသည်။ လက်ရှိတွင် တရုတ်လူမျိုး ဒုစရိုက်သမားများက အရှေ့တောင်အာရှနိုင်ငံများ၌ အခြေချကာ ဒုစရိုက် ဂိုဏ်းအသွင်ဖြင့် ဆိုက်ဘာမှုခင်းဖြစ်သည့် အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်နေခြင်းကြောင့် အရှေ့ တောင်အာရှနိုင်ငံများက ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းကာ ဆိုက်ဘာမှုခင်း နှိမ်နင်းရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်း ဖိလစ်ပိုင်နိုင်ငံ၊မနီလာမြို့တွင် အခြေစိုက်၍ အွန်လိုင်း လိမ်လည်မှုနှင့် လူကုန်ကူးမှုကျူးလွန်နေသည့်တရုတ်နိုင်ငံသားများပါဝင်သည့် ရာဇဝတ်ဂိုဏ်းကို ရဲတပ်ဖွဲ့ဝင်များက ဝင်ရောက် ဖမ်းဆီးခဲ့ကြောင်း၊ ယင်းလုပ်ငန်းတွင် အသုံးချခံရသူများကို ကယ်ဆယ်နိုင်ခဲ့ပြီး ကွန်ပျူတာဒေတာများသိမ်းဆည်းရမိခဲ့ကြောင်း၊ဖမ်းဆီးရမိသည့်အနက်တရုတ်နိုင်ငံသား အယောက် ၁၈၀ ကို ဖိလစ်ပိုင်အစိုးရက တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးပို့ခဲ့ကြောင်း ထုတ်ပြန်ထားပါသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း မလေးရှားနိုင်ငံ၏လူဝင်မှုကြီးကြပ်ရေးဌာနက အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်သည့် တရုတ်နိုင်ငံသား ၁၄ ဦးနှင့် မလေးရှားလူမျိုး ၃ ဦး ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါရာဇဝတ်ကောင်များသည် ဘရာဇီးနိုင်ငံသားများကို ပစ်မှတ်ထားကာ အွန်လိုင်းမှတစ်ဆင့် တရားမဝင် လောင်းကစားလုပ်ငန်းများ ဆောင်ရွက်နေကြခြင်းဖြစ်ကာ တရားခံများ လက်ဝယ်မှ နည်းပညာအသုံးအဆောင်များဖြစ်သည့် ကွန်ပျူတာ၊ လပ်တော့၊ မိုဘိုင်းဖုန်းနှင့် Tablet များ သိမ်းဆည်းရမိခဲ့ကြောင်း ထုတ်ပြန်ထားပါသည်။

မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတောင်ပိုင်းတို့ နယ်နိမိတ်ချင်းထိစပ်နေသည့်ဒေသတွင် အွန်လိုင်းငွေကြေးလိမ်လည်မှုကျူးလွန်သည်ဟု သံသယရှိသူ တရုတ်နိုင်ငံသား ၃၁၀၀၀ ကို မြန်မာအစိုးရ တာဝန်ရှိသူများက ဖမ်းဆီး၍ တရုတ်အစိုးရထံ လွှဲပြောင်းပေးခဲ့ကြောင်း၊ လွှဲပြောင်းပေးခဲ့သည့် တရားခံများတွင် ငွေလိမ်ဂိုဏ်း၏ခေါင်းဆောင်များလည်း ပါဝင်ကြောင်း တရုတ်အာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ထုတ်ပြန်ချက်အရ အဆိုပါဒေသတွင် ငွေလိမ်ဂိုဏ်းများက ဒုစရိုက်စင်တာများတည်ထောင်ပြီး နေ့စဥ် လူပေါင်းတစ်သိန်းကျော်က တရုတ်နိုင်ငံအတွင်းရှိ နိုင်ငံသားများကိုပစ်မှတ်ထားကျူးလွန်ကာ အွန်လိုင်းမှတစ်ဆင့် ငွေကြေးအမြောက်အမြားလိမ်လည်မှုကို ကျူးလွန်နေကြကြောင်း၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံရဲတပ်ဖွဲ့တို့ အတူပူးပေါင်းပြီး ယင်းအွန်လိုင်းငွေလိမ်ဂိုဏ်းစတင်နှိမ်နင်းခဲ့ကြောင်း၊ တရုတ်နိုင်ငံသားများကို ပစ်မှတ်ထား လိမ်လည်လှည့်ဖျားသည့် အွန်လိုင်းငွေလိမ်မှုများ၊ တရားမဝင် အွန်လိုင်းလောင်းကစားခြင်းများ၊ အင်တာနက်အသုံးပြု၍လူကုန်ကူးမှုများ များပြားလာခြင်းကြောင့် တရုတ်လက်ထောက်နိုင်ငံခြားရေး

ဝန်ကြီးသည်မြန်မာနိုင်ငံသို့လာရောက်ခဲ့ပြီး အဆိုပါဆိုက်ဘာမှုခင်းများအပါအဝင် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုခင်းများကို ကိုင်တွယ်ဖြေရှင်းရာတွင် တရုတ်နိုင်ငံက မြန်မာနိုင်ငံနှင့် လက်တွဲဆောင်ရွက်ရန်အဆင့်သင့်ရှိသည်ဟု ပြောကြားခဲ့ကြောင်း သိရပါသည်။

တရားမစွဲမှီဥပဒေအကြံပေးရေးနှင့်တင်ပြချက်များစိစစ်ရေးဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်:** https://journals.sagepub.com/doi/10.1177/0032258X221107584

https://www.scmp.com/

https://www.reuters.com/world/asia-pacific/myanmar-hands-over-china-thousands-telecom-fraud-suspects-2023-11-21/

## ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice-GRP) နှင့်စပ်လျဉ်း၍ သိကောင်းစရာ

ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေး ( Good Regulatory Practice – GRP ) လုပ်ငန်းကော်မတီ၏ တတိယအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၁၈-၁-၂၀၂၄ ရက်နေ့က စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၊ နေပြည်တော်တွင်ကျင်းပခဲ့ရာ ဥပဒေရေးရာဝန်ကြီးဌာန ၊ ဝန်ကြီးရုံးမှ ကော်မတီအဖွဲ့ဝင်အဖြစ် တက်ရောက်ခဲ့ပါသည်။

ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice-GRP) ဆိုင်ရာစီမံချက်ကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်ကောင်းမွန်သောစီမံမှု လုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice-GRP) ဆိုင်ရာလုပ်ငန်းကော်မတီတွင် ယခင်က ဝန်ကြီးဌာန ၁၈ ခု၊ ဦးစီးဌာန ၂ ခုတို့ဖြင့် ဖွဲ့စည်းခဲ့ပြီးနောက် ယခုအခါ ဝန်ကြီးဌာန ၂၃ ခုနှင့် ဦးစီးဌာန ၅ ခုတို့ဖြင့်ပြင်ဆင်ဖွဲ့စည်းထားပြီး ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် အဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice – GRP)ကို ကုန်သွယ်မှုအပေါ် အကျိုးသက်ရောက်မှုရှိစေရန်ရည်ရွယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် အတည်ပြုခဲ့ကြခြင်းဖြစ်ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာနသည် ကုန်သွယ်မှုနှင့် စီးပွားရေးအတွက် ဆောင်ရွက်နေသည့် ဌာန မဟုတ်သော်လည်း ဥပဒေအကြံဉာဏ်ပေးသည့်ကိစ္စရပ်များတွင် အခြားဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ဥပဒေအကြံဉာဏ်များတောင်းခံလာသည့်အခါ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရသည့် ဝန်ကြီးဌာန တစ်ခု ဖြစ်၍ ယခုကဲ့သို့ ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice-GRP)တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေး ( Good Regulatory Practice – GRP ) ပေါ်ပေါက်လာရခြင်းမှာ အာဆီယံဒေသတွင်း ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေး လုပ်ငန်းစီမံချက်(AEC Work Plan 2025) ကို နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၌

ရေးဆွဲခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ (AEC 2025)ကို စနစ်တကျ အကောင်အထည်ဖော်နိုင်ရေးအတွက် အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ရေးကော်မတီကို (AEC Work Plan 2025)တွင် ထည့်သွင်း ဖွဲ့စည်းခဲ့ပါသည်။ ယင်းကော်မတီ၏ လက်အောက်တွင်လုပ်ငန်းကော်မတီ ၂၂ ရပ်ကို ထပ်မံဖွဲ့စည်း ထားရာ ကောင်းမွန်သောစီမံမှုလုပ်ထုံး လုပ်နည်းကျင့်သုံးရေး(Good Regulatory Practice-GRP)ဆိုင်ရာလုပ်ငန်းကော်မတီလည်းပါဝင်ပါသည်။

ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်း ( Good Regulatory Practice – GRP ) ဆိုသည်မှာ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို ပိုမိုကောင်းမွန်စေရေးအတွက် မွမ်းမံပြင်ဆင် ပေးသည့် လုပ်ငန်းစဉ်များ၊ စနစ်များ၊ အဆင်တန်ဆာများနှင့် နည်းလမ်းများ (Processes, systems, tools and methods for improving the quality of the regulations) ဖြစ်ပါသည်။

ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းနှင့် အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းစဉ်များကို ဆောင်ရွက် ပေးခြင်းဖြင့်ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ခြင်း၊ ကုန်သွယ်မှု လွယ်ကူချောမွေ့ စေခြင်း၊ ကုန်ထုတ်လုပ်မှုစွမ်းအားများအား ပိုမိုတိုးတက်ကောင်းမွန်စေခြင်းစသည့် စီးပွားရေးအကျိုး ရလဒ်ကောင်းများကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။

ကော်မတီအဖွဲ့ဝင်ဌာနများက GRP ဆိုင်ရာလုပ်ငန်းများအားတစ်ပြေးညီစနစ်တကျအကောင် အထည်ဖော်နိုင်စေရေးအတွက် GRP ဆိုင်ရာစီမံချက်(မူကြမ်း)ကိုရေးဆွဲခဲ့ပြီး ယင်းစီမံချက် (မူကြမ်း) တွင် မိမိတို့နိုင်ငံအတွက် လုပ်ဆောင်ရမည့် အချက်များကို ဦးစားပေးနယ်ပယ်များ သတ်မှတ်ကာ ၂၀၂၅ ခုနှစ်အထိ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန် ထည့်သွင်းဖော်ပြထားပါသည်။

ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် ဦးစားပေးနယ်ပယ်အလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် များကိုဆောင်ရွက်လျက်ရှိရာ မိမိတို့ဌာနအလိုက် လုပ်ငန်းအဖွဲ့ (Working Group)နှင့် နည်းပညာ လုပ်ငန်းအဖွဲ့ (Technical Working Group – TWG) တို့ကိုဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊ နည်းပညာလုပ်ငန်းအဖွဲ့အနေဖြင့် ၎င်းတို့၏လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ၃ လ

တစ်ကြိမ် ဆွေးနွေးမှုများကို လုပ်ငန်းကော်မတီသို့တင်ပြခြင်း ၊ ဝန်ကြီးဌာန၏ Focal Person အမည်စာရင်းပေးပို့ခြင်း ၊ ဆန်းစစ်မေးခွန်းများ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခြင်းစသည့် ဦးစားပေးနယ်ပယ်အလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

ကောင်းမွန်သောစီမံမှုစနစ်နှင့်ကောင်းမွန်သော လုပ်ငန်းဆောင်ရွက်ပေးမှု အလေ့အထများ တည်ထောင်ထားခြင်းဖြင့် မိမိတို့နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ခြင်း၊ ပိုမိုအားပေးနိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်ခြင်း အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအား ပိုမိုထောက်ပံ့ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိလာမည် ဖြစ်ကြောင်း GRP နှင့်စပ်လျဉ်းသည့် ဗဟုသုတရရှိရန်အလို့ငှာ မျှဝေဖော်ပြအပ်ပါသည်။

ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## ဒစ်ဂျစ်တယ်ကြော်ငြာနည်းပညာများကို လွှမ်းမိုးချုပ်ကိုင်ခြင်းအတွက် Google ကို တရားစွဲဆိုခြင်း

အမေရိကန်နိုင်ငံ Sherman Act ၏ ပုဒ်မ ၁ နှင့် ၂ တို့ကို ချိုးဖောက်၍ ဒစ်ဂျစ်တယ် ကြော်ငြာနည်းပညာများကို လွှမ်းမိုးချုပ်ကိုင်ခြင်းအတွက် Google ကို California , Colorado, Connecticut , New Jersey , New York , Rhode Island , Tennessee နှင့် Virginia ပြည်နယ်တို့၏ ရှေ့နေချုပ်များနှင့် တရားရေးဌာနက ၂၄-၁-၂၀၂၄ ရက်နေ့တွင် ဗာဂျီးနီးယားပြည်နယ်အရှေ့ပိုင်းရှိ ခရိုင်တရားရုံးတွင် တရားစွဲဆိုခဲ့ပါသည်။

Google သည် ကယ်လီဖိုးနီးယားပြည်နယ် Delaware ပြည်နယ်၏ ဥပဒေများ နှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီကတစ်ခု ဖြစ်ပြီး ၎င်းပြည်နယ် Mountain View တွင် ရုံးချုပ်တည်ရှိပါသည်။ Google ၏ ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်လုပ်ငန်းသည် ၂၀၂၁ ခုနှစ်တွင် ဒေါ်လာ ၃၁.၇ ဘီလီယံခန့် ဝင်ငွေရရှိခဲ့ပါသည်။

Sherman Act သည် စီးပွားရေးလုပ်ငန်းများတွင် ယှဉ်ပြိုင်မှုလုပ်ငန်းစဉ်နှင့် စီးပွားရေးဆိုင်ရာ လွတ်လပ်ခွင့်တို့အတွက် ပြဋ္ဌာန်းထားသည့်ဥပဒေဖြစ်ပါသည်။ Google ကိုစွဲဆိုသည့်တိုင်ကြားချက်တွင် Google သည်အဓိကကျသောဒစ်ဂျစ်တယ်ကြော်ငြာနည်းပညာများကိုလက်ဝါးကြီးအုပ်ထားကြောင်း၊ Google သည် ဈေးကွက်အင်အားကို စုစည်းပြီး လွတ်လပ်သောဈေးကွက်ယှဉ်ပြိုင်မှုကို တားဆီးမှုဖြစ်စေကြောင်း၊ ၎င်း၏ အမြတ်အစွန်းအတွက် ထုတ်ဝေသူများ၏ ဝင်ငွေကို ရယူပြီး အခြားရွေးချယ်စရာများကို ရှာဖွေနေသော ထုတ်ဝေသူများကို ဒဏ်ခတ်ကြောင်း စွပ်စွဲထားပါသည်။

ဝက်ဘ်ဆိုက်ထုတ်ဝေသူများ (website publishers) သည် စိတ်ကူးစိတ်သန်းများ၊ အနုပညာဖော်ပြမှုများ၊ သတင်းအချက်အလက်များ၊ ကုန်စည်များနှင့် ဝန်ဆောင်မှုများကို အများပြည်သူလက်လှမ်းမီစေရန်ဝက်ဘ်ဆိုက်များကိုဖန်တီးပြီးယင်းဝက်ဘ်ဆိုက်များဖန်တီးခြင်းနှင့် ထိန်းသိမ်းခြင်းတို့အတွက် ကြော်ငြာဝင်ငွေများရရှိစေရန် ကြော်ငြာနည်းပညာများကို အသုံးပြုပါသည်။ Google သည် ဝက်ဘ်ဆိုက်ထုတ်ဝေသူများနှင့် အွန်လိုင်းကြော်ငြာသူများ မှီခိုအားထားရသော ကြော်ငြာနည်းပညာများနှင့် ကြော်ငြာလေလံပွဲများကို လုပ်ဆောင်သည့် ဒစ်ဂျစ်တယ်ကြော်ငြာလုပ်ငန်းတို့တွင် လွှမ်းမိုးလျက်ရှိပါသည်။

ဤသို့ Google အပေါ် အရေးယူဆောင်ရွက်မှုသည် ရာစုနှစ်တစ်ဝက်ခန့် အတွင်းတွင် လက်ဝါးကြီးအုပ် လွှမ်းမိုးချုပ်ကိုင်ခြင်းအတွက် ပထမဆုံး စွဲဆိုသော အမှုဖြစ်ပြီး အဆိုပါ စွဲဆိုမှုမှ တစ်ဆင့် တရားရေးဌာနနှင့် ပြည်နယ်ရှေ့နေချုပ်များသည် အရေးကြီးသော ဈေးကွက်များတွင် ယှဉ်ပြိုင်မှုများကို ပြန်လည်ဖြစ်ပေါ်စေရန်နှင့် အမေရိကန်ပြည်သူလူထုကိုယ်စား သာတူညီမျှမှုနှင့် ငွေကြေးသက်သာခွင့်များကို ရရှိစေရန် ကြိုးပမ်းလျက်ရှိကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် https://www.justice.gov/opa/pr/justice-department-sues-google-monopolizing-digital-advertising-technologies

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

